
ရသ
စာအုပ်တိုက်

နေဘုန်းလတ်

# ကျွန်တော် နှင့်
# အခြားသောအရာများ



# ကျွန်တော်နှင့် အိမ်ကလေး

ကျွန်တော်က ဇွန် ၂၈ မှာမွေးတာဆိုတော့ ကရကဋ်ရာသီဖွားပေါ့ ...။ ဒီရာသီဖွားတွေကို ကိုယ်စားပြုတာက ဂဏန်းလေ ...။ ဂဏန်းတွေက ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ အိမ်လို့ပြောလို့ရတဲ့ သူတို့ နေတဲ့ကျင်းလေးတွေထဲကို ပြန်ပြန်ပြေးဝင်သွားတတ်ကြတာကို အားလုံးမြင်ဖူးကြမယ်ထင်ပါတယ်။ ကျွန်တော်ကလည်း ဂဏန်းတစ်ကောင်လိုပါပဲ ...။ ကိုယ့်အိမ်ကိုယ့်ယာကို ခင်တွယ်တယ်။ မိသားစု ရဲ့ အရိပ်ကိုတောင့်တတယ်။ မိဘ၊ ညီအစ်ကိုမောင်နှမနဲ့ခင်တွယ်ရတဲ့ဆွေမျိုးတွေကြားက အဖြူရောင်သံယောဇဉ်ကြိုးတွေကို မြတ်နိုးတယ်။ ဒီဝတ္ထုတိုလေးထဲမှာ ကျွန်တော်နဲ့ကျွန်တော်ချစ်တဲ့အိမ် ကလေးတို့တစ်ယောက်တစ်ပေါက်ပြောကြတဲ့ စကားတွေရှိတယ်။ အဲဒီ့ စကားလုံးတွေကအိမ်ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ပြည့်ဝမှုအကြောင်း၊ မေတ္တာတရားတွေဖုံးလွှမ်းနေတဲ့ မိသားစုဘဝတစ်ခုရဲ့ အကြောင်းအားလုံးကိုပြောပြလိမ့်မယ်။ မျက်စိနဲ့ကြားနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဖေဖေ၊ မေမေနဲ့ညီငယ်တို့ တစ်ညအိပ်ခရီးထွက်သွားတဲ့နေ့ ....။

ဖြိုးဖြိုးဖျောက်ဖျောက်ကျနေတဲ့ မိုးစက်မိုးပေါက်တွေနဲ့ အေးစိုလှပတဲ့နေ့ ...။

အဲဒီ နေ့ရဲ့ ညနေခင်းတစ်ခုထဲမှာ ကျွန်တော်နဲ့အိမ်ကလေးစကား အများကြီးပြော ဖြစ်ခဲ့ကြတယ်။

လျှပ်စစ်မီးရောင်စုံတွေကြားက သပ္ပါယ်တင့်တယ်လှတဲ့ ဗုဒ္ဓရုပ်ပွားတော်ရဲ့ မျက်နှာတော်ကို ကျွန်တော်ဖူးမြော်ကြည်ညိုနေရင်း ငြိမ်းအေးမှုတွေ ကျွန်တော့်ရင်ထဲကို စီးဝင်နေတုန်းမှာအိမ်ကလေး ကအသံတစ်သံနဲ့ကျွန်တော့်ကို လှုပ်နှိုးလိုက်တယ်။

“ဒီအခန်းထဲမှာရှိနေတဲ့အချိန်တွေဟာ မင်းရဲ့ ဘဝအတွက် အဓိပ္ပါယ်အရှိဆုံးကာလတွေ ဖြစ် မှာပဲနော်”

အိမ်ကလေးရဲ့ အမေးကို ကျွန်တော်ခေါင်းညိတ်ပြီး အဖြေပေးလိုက်တယ်။

“ဟုတ်တယ် … လူသားဘဝရဲ့ အမြင့်မားဆုံးအဓိပ္ပါယ်ကို အပြည့်ဝဆုံးဖော်ကျူးပေးနိုင်တာ ဗုဒ္ဓပဲ။ ဗုဒ္ဓရဲ့ ရုပ်ပွားတော်မြတ်တွေကိန်းဝပ်စံပယ်တော်မူနေတဲ့ ဒီအခန်းလေးကကျွန်တော်မိသားစုရဲ့စိတ်ဝိညာဉ်တွေကို အဖြူစင်ဆုံးဖြစ်အောင်ဆေးကြောသန့်စင်ပေးတယ်။ ဒီအခန်းလေးက ခင်ဗျားရဲ့ အခမ်းနားဆုံးသော အစိတ်အပိုင်းတစ်ခုပဲ မဟုတ်လား”

ကျွန်တော်စကားတပြောပြောနဲ့ဧည့်ခန်းထဲကို ထွက်လာခဲ့တယ်။ ဧည့်ခန်းထဲကဆိုဖာတစ်ခု ပေါ်ကို ကျွန်တော်ထိုင်ချလိုက်တဲ့အချိန်မှာပဲ …။

“ဧည့်ခန်းရဲ့ အဆင်အယင်တွေကရော မင်းရဲ့ စိတ်ကို ကြည်လင်စေရဲ့ လား”

အိမ်ကလေးကအဲဒီ လိုမေးတော့မှ ကျွန်တော်လည်းဧည့်ခန်းထဲကို သေသေချာချာလှည့် ပတ်ကြည့်မိတယ်။ မေမေဟာ ဧည့်ခန်းထဲကပရိဘောဂတွေကို တစ်လတစ်ကြိမ်လောက်နီးပါးအ ရွှေ့ အပြောင်းလုပ်လေ့ရှိတယ်။ မေမေ့ရဲ့ အဲဒီ့ အလေ့အထလေးက ကျွန်တော်တို့ကိုငြီးငွေ့မှု၊ ရိုးအီမှု တွေကိုပြေပျောက်စေပြီး ကျွန်တော်တို့အတွက်ဧည့်ခန်းအသစ်လေးတွေကိုခဏခဏတိုင်းပြန်လည် မွေးဖွားပေးတယ်။

“ဒီအခန်းလေးဟာ ကျွန်တော်တို့မိသားစုရဲ့ စုဝေးအပန်းဖြေရာနေရာလေးတစ်ခုပဲလေ။ တစ်ခါတလေကျတော့လည်း

ညှော်သည်တွေကိုညှော်ခံစကားပြောတဲ့ နေရာပေါ့။ နောက်ပြီး ...
ဒီအခန်းလေးဟာခင်ဗျားရဲ့ရင်ခွင်ထဲက
လူမှုဆက်ဆံရေးနယ်ပယ်လေးတစ်ခုလို့လည်း ပြောလို့ရတာ ပဲမ ဟုတ်လား”

“မင်းပြောတာ ဟုတ်ပါတယ်။ ဒါပေမဲ့တစ်ခါ တစ်ခါတချို့ ညှော်သည်တွေနဲ့အတူလောဘတွေ၊ မောဟတွေ၊ ဒေါသတွေ၊ မာန်မာနတွေစတဲ့ စတဲ့စိတ်အပူတွေ ဒီအခန်းလေးထဲကိုပါပါလာတဲ့အခါ မင်းစိတ်မညစ်ဘူးလား”

“ထွေထွေထူးထူးတော့ စိတ်မညစ်ပါဘူး။ ဘယ်လိုလူမျိုးတွေ ဘယ်လိုစိတ်အခြေအနေမျိုးနဲ့ ပဲဝင်လာလာ... ကျွန်တော်တို့ကတော့ အပြုံးနဲ့ကြိုဆိုနေမှာပဲလေ။ သူတို့ ဘာတွေပြောမလဲ... နား ထောင်လိုက်မယ်။ သူတို့ ဘာတွေပြောမလဲ ... ကြည့်နေလိုက်မယ်၊ အရေးကြီးတာက ... ဒေါသနဲ့ ဝင်လာသူတွေရဲ့ ဒေါသတွေ၊ လောဘနဲ့ဝင်လာသူတွေရဲ့ လောဘတွေ ကျွန်တော်တို့ဆီကူးစက်မလာဖို့ဘဲ မဟုတ်လား ...၊ ကိုယ့်စိတ်ကို ကိုယ်သိနေပြီး နိုင်အောင်ထိန်းနိုင်ဖို့ပဲ လိုတာပါဗျာ”

အိမ်ကလေးရဲ့ အမေးကိုဖြေနေရင်း ဒီညှော်ခန်းလေးထဲကို ဝင်ဝင်လာတတ်ကြတဲ့အမျိုးမျိုး သောစိတ်အခြေအနေတွေအကြောင်းကို ကျွန်တော် ပြန်ပြောင်းစဉ်းစားနေမိတယ်။ ရိုးသားမှုတစ်ခု နဲ့ဖြူဖြူစင်စင် ဝင်ရောက်လာကြတဲ့မိတ်ဆွေတွေရှိသလို ရည်ရွယ်ချက်တစ်ခုခု။ မျှော်လင့်ချက်တစ် ခုခုနဲ့အရောင်ဆိုးချင်ကြတဲ့ ညှော်သည်တွေလည်းရှိခဲ့ဖူးတယ်။ ညှော်သည်တွေကို ညှော်ဝတ်ကျေရမှာ အိမ်ရှင်တွေရဲ့ တာဝန်ပါ။ ဒါပေမဲ့ ... အဲ့ဒီညှော်သည်တွေပြန်သွားကြတဲ့အခါ ကိုယ့်ရဲ့ ဂုဏ်သိက္ခာနဲ့ တန်ဖိုးထားအပ်တဲ့အရာတွေ သူတို့နဲ့အတူပါမသွားဖို့နဲ့ သူတို့ဆီကမလိုလားအပ်တဲ့အရာတွေကိုယူ မထားလိုက်မိစေဖို့ စောင့်ထိန်းရမှာကလည်း အိမ်ရှင်တွေရဲ့တာဝန်တစ်ခုပါပဲ။ အိမ်ကလေးနဲ့မိသားစုတို့ရဲ့ သာယာအေးချမ်းမှုတစ်ခုအတွက်လေ ...။

ကျွန်တော်ပျင်းပျင်းရှိလာတာနဲ့ စာဖတ်မယ်လို့စိတ်ကူးပြီး ကျွန်တော့်ရဲ့ စာဖတ်ခန်းလေးထဲ ကိုဝင်လိုက်တယ်။

"ဒီအခန်းလေးထဲမှာ မင်းရဲ့ အချိန်တော်တော်များများကို ကုန်လွန်စေတယ်နော် ...၊ ဒီအခန်းလေးထဲကို မင်းမဝင်တဲ့နေ့ဆိုရင် ငါ့ရင်ထဲမှာတစ်ခုခုလိုနေသလိုတောင် ခံစားရတယ်"

"ဟုတ်တယ်ဗျ ... စာအုပ်တွေက ကျွန်တော့်ကိုအမျိုးမျိုးသော အခြေအနေတွေအကြောင်း ကိုပြောပြတယ်။ နောက်ပြီး ... တစ်ချို့ ဝါကျတွေက ကျွန်တော့်ကိုတွေးချင်လာအောင်, တွေးတတ် ချင်လာအောင်နှိုးဆွပေးတယ်။ လူတစ်ယောက်ဟာ သူ ကိုယ်ထိလက်ရောက်ကြုံတွေ့လိုက်ရတာ တွေကိုပဲ သိမယ်ဆိုရင်ဘဝမှာ သူသိတာနည်းနည်းလေးပဲ ဖြစ်နေမှာပေါ့။ နောက်ပြီး ... အရာရာကို ကိုယ်တိုင်မှားဖူးမှ အမှန်သိမယ်ဆိုရင်လည်းဘဝမှာနောင်တတွေပဲ အခါခါရနေရမှာပေါ့။စာဖတ်ခြင်း က ကျွန်တော့်ကို အများကြီးသိစေတယ်။ နောင်တတွေကနေလည်း လွတ်မြောက်စေတယ်ဗျာ"

စာဖတ်ရခြင်းရဲ့ အကြောင်းအရင်းကိုဒီထက်ပိုပြီး ရှည်ရှည်ဝေးဝေးပြောစရာတွေရှိပေမယ့် ကျွန်တော်တိုတိုနဲ့လိုရင်းပဲ အိမ်ကလေးကိုရှင်းပြလိုက်တယ်။ ကျွန်တော်စာကြည့်စားပွဲပေါ်မှာပြန့်ကျဲ နေတဲ့စာအုပ်တွေကိုစာအုပ်စင်ပေါ် စနစ်တကျပြန်တင်လိုက်ရင်းမနေ့က ရေးလက်စဝတ္ထုတိုတစ်ပုဒ် ကိုအဆုံးသတ်ဖို့ ပြင်လိုက်တယ်။

"တချို့ စာရေးဆရာတွေက ဟိုတယ်တွေဘာတွေသွား။ အချို့ ကအေးချမ်းတဲ့နေရာဒေသ တစ်ခုခုကိုခရီးတွေဘာတွေထွက်ပြီး စာရေးကြတယ်။ မင်းကတော့ မင်းရဲ့ စာပေလက်ရာတွေ အား လုံးလိုလိုကိုဒီအခန်းလေးထဲမှာပဲ ဖန်တီးတယ်နော်"

အိမ်ကလေးက အဲဒီ လိုပြောတော့ ကျွန်တော်ပြုံးမိတယ်။

ကျွန်တော်ကလည်း ကျွန်တော်ပဲ။ အခြားနေရာတွေမှာ စာရေးခဲ့တယ်။ တစ်ခါတလေရုတ်တရက်ပေါ်လာတတ်တဲ့ အတွေးစလေးတွေ ကိုစာအုပ်ထဲမှာချက်ချင်းချရေးထားတတ်တာကလွဲလို့ ကျန်တာတွေကို ကျွန်တော့်ရဲ့ အိမ်ကလေး ထဲကဒီအခန်းလေးထဲမှာပဲ ရေးခဲ့တယ်။

"အခြားတစ်နေရာရာကို သွားစရာမှမလိုဘဲဗျာ ...။ ဒီအခန်းလေးက ကျွန်တော့်ရဲ့ စိတ်အာရုံ ကိုစာရေးနိုင်လောက်တဲ့အခြေအနေတစ်ခုဆီ ရောက်အောင်ဆွဲခေါ်နိုင်နေတာပဲ"

ကျွန်တော်ပြောရင်းဆိုရင်းပဲ စားပွဲအနားကပြူတင်းပေါက်လေးကို ထဖွင့်လိုက်တယ်။ ရေခိုး ရေငွေ့ လေးတွေကပ်ပါလာတဲ့ လေနုအေးကကျွန်တော့်ဆီကို တိုးဝှေ့တိုက်ခတ်လာတယ်။

"ဒီပြူတင်းပေါက်လေးကိုဖွင့်ပြီး ကြည့်လိုက်ရင်းအိမ်ရှေ့က မြင်ကွင်းတွေအားလုံးကိုမြင်နိုင် တယ်။ အိမ်လေးရဲ့ ရှေ့မှာ မေမေစိုက်ထားတဲ့ မြက်ခင်းစိမ်းစိမ်းနဲ့သစ်ပင်ပန်းပင်တွေ၊ နောက် ... ဖေဖေလုပ်ထားတဲ့ စာကလေးအိမ်လေးတွေ။ နောက်ပြီး ... မြေနီနီလမ်းကလေးပေါ်က နိစ္စဓူဝသွား လာလှုပ်ရှားနေကြတဲ့ ဘဝအထွေထွေတွေ ...။ ဒါတွေဟာ ကျွန်တော့်ရဲ့ အာရုံတွေကိုအကောင်းဆုံး နှိုးဆွပေးနိုင်တဲ့ အရာတွေပဲမဟုတ်လား"

ကျွန်တော်ရေးလက်စဝတ္ထုလေးကို အဆုံးသတ်ပြီးချိန်မှာဗိုက်ထဲက ဆာသလိုလိုရှိလာတာ နဲ့ထမင်းစားခန်းလေးထဲကို ထွက်လာခဲ့လိုက်တယ်။ မနက်ကမေမေချက်သွားတဲ့ ထမင်းဟင်းတွေ ကစားပွဲပေါ်မှာအဆင်သင့် ...။

"ဒီတစ်ညတော့ ခြောက်သွေ့တိတ်ဆိတ်တဲ့ထမင်းဝိုင်းတစ်ခုကို မင်းတစ်ယောက်တည်းဆင် နွှဲရတော့မှာပေ့ါနော်"

"ဒါတော့ ဘယ်တတ်နိုင်မှာလဲဗျာ ...။ အားလုံးက ခရီးထွက်သွားကြတာကိုး ...။ ဒါပေမဲ့ ဒါ ကလည်းတစ်ခါတလေမှပါ၊

ညနေခင်းတော်တော်များများမှာတော့ ကျွန်တော်တို့မိသားစုတွေစုံစုံလင်လင်ဝိုင်းဖွဲ့ပြီး ထမင်းစားကြတာ ခင်ဗျားအမြင်ပဲမဟုတ်လား”

ဒါကဖေဖေ၊ မေမေတို့ပျိုးထောင်ပေးထားတဲ့ ချစ်စရာအလေ့အကျင့်လေး တစ်ခုပါ။ အရမ်း အရေးကြီးတဲ့ ကိစ္စတစ်ခုခုရှိနေတဲ့အချိန်ကလွဲရင်းကျန်တဲ့အချိန်တိုင်းမှာ ကျွန်တော်တို့တွေအိမ်ကို အချိန်မီပြန်လာပြီးညနေစာ အတူတူစားကြစမြဲပါ။ မေမေချက်ထားတဲ့ ထမင်းဟင်းတွေကိုမိသားစု လက်စုံစားရတဲ့အရသာဟာ ကမ္ဘာကျော်စားဖိုမှူးကြီးတွေရဲ့ လက်ရာကိုအဆင့်မြင့်ဟိုတယ်ကြီးတွေမှာစားရတဲ့အရသာနဲ့မလဲနိုင်ပါဘူး။ ကျွန်တော်ညစာကိုတို့ကနန်းဆိတ်ကနန်းစားပြီး ... ကျွန်တော့် ရဲ့ အိပ်ခန်းလေးထဲကိုဝင်လိုက်တယ်။ ပြာလွင်သန့်စင်နေတဲ့ အိပ်ရာလေးပေါ်ကို ကျွန်တော်လှဲချ လိုက်တဲ့အချိန်မှာပဲ အိမ်ကလေးကကျွန်တော့်ကိုပြောတယ်။

“ဒီအခန်းလေးကတော့ မင်းရဲ့ ခန္ဓာကိုယ်နဲ့စိတ်ကိုခဏတာ အနားပေးတဲ့အခန်းလေးပေါ့ နော်...။ ဒီအခန်းလေးရဲ့ အပြင်အဆင်တွေက မင်းကို နှစ်ခြိုက်စွာအိပ်ပျော်ခွင့်တစ်ခုကိုပေးနိုင်ရဲ့ လား”

“အင်း ... ကျွန်တော်နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ပါတယ်။ အခန်းလေးရဲ့ ခရမ်းနုရောင် လေး ဖက်လေးတန်နံရံတွေ, အပြာရောင်အိပ်ရာခင်းတွေ, ခြင်ထောင်တွေစတဲ့ ပတ်ဝန်းကျင်တွေက ကျွန် တော့်ကိုကောင်းမွန်တဲ့ အိပ်စက်ခွင့်တစ်ခုကိုရဖို့ အများကြီးအထောက်အပံ့ပေးပါတယ်။ ဒါပေမဲ့ ... တကယ်တမ်းအပူအပင်ကင်းစွာ အိပ်ပျော်နိုင်ဖို့က ကျွန်တော်တို့ရဲ့ စိတ်အခြေအနေတွေမှာ ပိုပြီးမူ တည်ပါတယ်ဗျာ ...၊ ငြိမ်သက်နေတဲ့ စိတ်အခြေအနေတစ်ခုနဲ့အိပ်ရာမဝင်နိုင်သရွေ့ တော့ ဘယ် လောက်တန်ဖိုးကြီးတဲ့ မွေ့ရာကြီးတွေပေါ်မှာ အိပ်နေနေ ... ညတာတွေကတော့ ရှည်နေဦးမှာပါပဲ”

ကျွန်တော့်ရဲ့ စကားကိုအိမ်ကလေးက ဆိတ်ဆိတ်နေခြင်းအားဖြင့်

ထောက်ခံတယ်။ ကျွန် တော့်ရဲ့
အပြာရောင်ခုတင်လေးပေါ်မှာလှဲနေရင်းမျက်စိတွေစင်းလာတာနဲ့
ကျွန်တော်ကအိမ်ကလေး ကိုနှုတ်ဆက်လိုက်တယ်။

“ကျွန်တော်အိပ်တော့မယ် …။ ကိုယ်ရောစိတ်ပါ လုံခြုံစိတ်ချမှုကိုပေးနိုင်တဲ့ ခင်ဗျားရဲ့ ရင်ခွင်ထဲကဒီအခန်းငယ်လေးထဲမှာ တစ်ညတာဆိုတဲ့အချိန်ကာလကို ကျွန်တော်ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြတ်သန်းတော့မယ် …။ အဲဒီ့ အတွက် ခင်ဗျားကိုလည်း ကျေးဇူးတင်ပါတယ်”

အချို့ အိမ်တွေရဲ့ အချို့ အခန်းတွေမှာ မီးတွေလင်းနေကြတုန်း …။ အချို့ နေရာတွေရဲ့ အချို့  လမ်းတွေမှာ မအိပ်စက်နိုင်ကြသေးသူတွေကံကြမ္မာရဲ့ သယ်ဆောင်ရာကိုလှမ်းလျှောက်နေကြတုန်း …။ ကျွန်တော်သက်ပြင်းတစ်ခုကို ခပ်ဖွဖွချရင်းမျက်စိကို ဖြည်းဖြည်းချင်းမှိတ်လိုက်တယ်။ လျှပ်စစ် မီးရောင်တွေမရှိတော့တဲ့ လရောင်လွှလွှရဲ့ အောက်မှာ အိမ်ကလေးကလည်းတိတ်ဆိတ်ငြိမ်းအေးစွာမျက်လွှာချလို့ …။

*

# ကျွန်တော်နှင့်အရောင်များ

လောကထဲမှာအရောင်တွေကတော့ သူ့ဘာသာသူရှိနေကြတာပါပဲ။ ဒါပေမဲ့ သိတဲ့အတိုင်းလေ ... လူတွေနဲ့တွေ့တော့ သူတို့လည်းအမည်တပ်ခံရ၊ အဓိပ္ပါယ်တွေဖွင့်ဆိုခံလိုက်ကြရတယ်။ အဲ့ ဒီလိုအဓိပ္ပါယ်တွေကိုယ်စီ စိမ့်ဝင်နေကြတဲ့ အရောင်မျိုးစုံနဲ့ဘဝမှာ လူတိုင်းကျွမ်းဝင်ဖူးခဲ့ကြမှာပါ ...။

ကျွန်တော့်ရဲ့ စိတ်ကိုလည်းအရောင်တွေက အတိုင်းအတာတစ်ခုအထိ လွှမ်းမိုးခဲ့ဖူးပါတယ်။ အသက်အရွယ်အလိုက်ဘဝကိုဖြတ်သန်းရပုံတွေ မတူခြားနားလာခြင်းနဲ့အညီကျွန်တော့်ရဲ့ အရောင်တွေအပေါ် ကြိုက်နှစ်သက်မှုတွေကလည်း အမြဲပြောင်းလဲနေခဲ့တယ်လေ ...။

ကျွန်တော့်ရဲ့ ငယ်ဘဝတွေကတော့ အဖြူရောင်နေ့စွဲတွေပဲပေါ့။ အဖြူ အစိမ်းဝတ်စုံလေးကို ဝတ်ဆင်ပြီးကျောင်းတက်နေရတဲ့ကာလတွေမှာ ... ကျွန်တော့်ရဲ့ စိတ်ကိုအဖြူဆိုတဲ့ အရောင်တစ်ခု တည်းကလွှမ်းမိုးနေခဲ့တာလေ။ အစိမ်းရောင်ကိုသိပ်သဘောမကျလှပေမယ့် မေမေ အသန့်စင်ဆုံး လျှော်ဖွပ်ပေးထားတဲ့ အဖြူရောင်အင်္ကျီလေးတွေနဲ့ကျောင်းကို ကြော့ကြော့မော့မော့လေး ထွက် သွားရတာ ကိုပဲ ကျွန်တော်သာယာကျေနပ်နေခဲ့တယ်။ အဖြူရောင်အင်္ကျီလေးနဲ့လိုက်ဖက်ညီစွာပဲ ကျွန်တော်တို့ရဲ့ စိတ်တွေဟာလည်း ဖြူစင်နေဆဲလေ။

ဒါပေမဲ့ ကျွန်တော့်ရဲ့ အင်္ကျီလေးတွေအမြဲတမ်းဖြူဖွေး သန့်စင်နေစေဖို့ မေမေကနေ့တိုင်း လျှော်ဖွပ်ပေးနေရတယ်ဆိုတာနဲ့ သေသေချာချာဂရုစိုက်မထိန်းသိမ်းရင် အချိန်မရွေးစွန်းထင်းညစ် ပေသွားနိုင်တယ်ဆိုတဲ့အချက်တွေကို ငယ်ရွယ်သေးတဲ့ကျွန်တော် မစဉ်းစားခဲ့မိသေးတာ အမှန်ပါ။

အထက်တန်းကျောင်းအပြီး တက္ကသိုလ်မြေကိုခြေချတဲ့အခါမှာလည်း

ကျွန်တော်ဟာအဖြူရောင်အကျႌလေးတွေကိုပဲ စွဲစွဲမြဲမြဲဝတ်ဆင်လေ့ရှိခဲ့ပါတယ်။ တစ်နေ့ကျွန်တော် ကျောင်းကပြန်အလာလိုင်းကားပေါ်က စက်ဆီတွေစွန်းထင်းလာတဲ့အကျႌအဖြူလေးကိုကြည့်ပြီး မေမေကပြောတယ်

"သား… အကျႌအဖြူတွေ သိပ်မဝတ်နဲ့လေ၊ ဟိုဟိုဒီဒီသွားရတာ များလာတဲ့အခါအကျႌအဖြူ နဲ့မကိုက်ဘူးသားရဲ့၊ အဖြူဆိုတာက အစွန်းအထင်းလွယ်တယ်။ လျှော်ဖွပ်ဖျောက်ဖျက်ပစ်လို့ရတာ ဆိုတော်သေးတယ်။ အခုလို … ဖျက်ပစ်လို့မရတဲ့ အစွန်းအထင်းမျိုးဆိုရင် နှမြောစရာကြီး"

မေမေပြောတဲ့စကားကြောင့် ကျွန်တော်ရဲ့ အဖြူရောင်အကျႌလေးတွေကို ဗီရိုထဲခေါက်သိမ်း ထားလိုက်ရတယ်။ အဖြူရောင်အကျႌလေးတွေမှ မဟုတ်ပါဘူး … ဖြူစင်လွန်းတဲ့ စိတ်ကလေးတွေ ကိုလည်းလောကမာယာတွေက အုံနဲ့ကျင်းနဲ့ စွန်းထင်းစေတတ်ကြတယ်ဆိုတာ… ကျွန်တော်တစ်စ တစ်စနဲ့သိလာတယ်။ အဲဒီ့ လိုနဲ့ကျွန်တော့်ရဲ့ အဖြူရောင်စိတ်ရင်း အချို့ ကိုလည်း အလုံခြုံဆုံးနေရာ မှာသိမ်းဆည်းတတ်လာခဲ့တယ်။

အသက်အရွယ်ကိုလိုက်ပြီး ကျွန်တော်ဆက်ဆံပတ်သက်ရတဲ့ ပတ်ဝန်းကျင်ဟာတဖြည်း ဖြည်းနဲ့ကျယ်ပြန့်လာတယ်။ လိုင်းကားစီးနေရင်းခံနေရာ တစ်နေရာကိုလူလတ်ပိုင်းတစ်ယောက်က အဘွားကြီးတစ်ယောက်နဲ့ယှဉ်လုပြီးထိုင်တယ်။ လူသုံးယောက်အထုတ်ခံရပြီး ရှစ်ယောက်သာကျန်တော့တဲ့ဘောလုံးအသင်းကို တစ်ဖက်အသင်းကဂိုးတွေတရစပ်သွင်းပြီး အနိုင်ယူသွားတယ်။ ယုံကြည်ချက်တွေကိုရိုးသားစွာဆုပ်ကိုင်ထားကြတဲ့ ဘဝတွေတတိတိနဲ့လုံးပါးပါးသွားကြတယ်။ အဆိုတော်ကိုခင်ဝမ်းရဲ မြားဘုရင်ဆိုတဲ့သီချင်းကို ကျွန်တော်တိုးတိုးလေး ညည်းမိတယ်။

???? ဖြူစင်သူတွေ ရှုံးနိမ့်ထွက်ခွာတဲ့ ??? ဘဝစက်ဝန်းကို ???ချိန်ရွယ်ပါလေ အို ???မြားဘုရင် ????

အဝါရောင်ဟာ တရားမျှတခြင်းကိုကိုယ်စားပြုတယ်လို့ မေမေတစ်ခါကပြောတာ ကြားဖူးရဲ့။ အဲဒီ့ လိုနဲ့ကျွန်တော် အဝါရောင်ကိုချစ်တတ်လာတယ်။ အဝါရောင်အင်္ကျီတွေက ယောကျ်ားလေးတွေနဲ့သိပ်မလိုက်တာကြောင့် အဝါရောင်အင်္ကျီတွေကို သိပ်မဝတ်ဖြစ်ပေမယ့် ... ကျွန်တော့်ရဲ့ စာ ကြည့်စားပွဲကပန်းအိုးလေးထဲမှာအဝါရောင်နှင်းဆီပန်းလေးကို ကျွန်တော်အမြဲထိုးထားလေ့ရှိတယ်။ နှင်းဆီပန်းအဝါရောင်လေးကို စိတ်ထဲမှာအမြဲအမှတ်ရနေပြီး ဘယ်သူ့ကိုမှမတရားမလုပ်မိအောင် ကျွန်တော်ကြိုးစားခဲ့တယ်။ ဖြစ်နိုင်ရင်ကျွန်တော် တစ်လောကလုံးကိုအဝါရောင်တွေနဲ့လိမ်းခြယ်ချင်တယ်။

နိစ္စဓူဝရုန်းကန်လှုပ်ရှားနေကြရတဲ့ ဘဝတွေကမျက်စိရှေ့မှာပြဇာတ်ကပြနေသလိုပါပဲ။ကိုယ် ကိုယ်တိုင်လည်းဘဝဆိုတာ အခက်အခဲတွေကိုရင်ဆိုင်နေရခြင်းနဲ့ပြဿနာတွေကိုဖြေရှင်းနေရခြင်းပဲလို့ခံယူလာတတ်ချိန်ပေါ့။ မြစ်ကမ်းနံဘေးမှာထိုင်နေရင်း ရေလှိုင်းတွေတလိမ့်လိမ့်ကြားမှာ ငွားငွား စွင့်စွင့်ပွင့်နေတဲ့ဗေဒါပွင့်ကလေးတွေက လောကကြီးထဲကဘဝတွေအကြောင်းကို ကျွန်တော့်ကို ပြောပြပြီးဘဝမှာဘယ်လိုနေထိုင်ရမယ်ဆိုတာကို လက်တွေ့ဖူးပွင့်ပြနေသလိုပါပဲ။ ခရမ်းနုရောင်ဗေဒါ ပွင့်လေးတွေက ကျွန်တော့်ရဲ့ စိတ်ထဲကို ရောက်လာကြပြန်တယ်။

ကျွန်တော့်အခန်းလေးရဲ့ အတွင်းဘက်နံရံတွေကို ခရမ်းနုရောင်သုတ်လိုက်တယ်။ ပြီးတော့ အဖြူရောင်စာရွက်ပေါ်မှာ “Life is like thar”ဆိုတဲ့စာတန်းကိုရေးပြီး နံရံမှာကပ်ထားလိုက်တယ်။ညညတွေကိုမီးရောင်အောက်မှာ ခရမ်းဖျော့ဖျော့လင်းနေတဲ့ ကျွန်တော့်ရဲ့ အခန်းလေးကို အဝေးကနေ တောင်မြင်နိုင်ပါတယ်။

လုပ်ငန်းခွင်တွေထဲရောက်ပြီး အစုအဖွဲ့တွေနဲ့ အလုပ်လုပ်ကြရတဲ့အခါ

အချိတ်အဆက်မိမှုနဲ့ စည်းလုံးညီညွတ်မှုတို့ရဲ့ အရေးပါပုံကို နားလည်လာခဲ့တယ်။ ကျွန်တော်က ဘောလုံးပွဲကြိုက်တတ် တဲ့သူဆိုတော့ ဘောလုံးသမားတွေရဲ့ အချိတ်အဆက်သေသပ်လှပမှုနဲ့ ညီညွတ်တက်ကြွတဲ့စိတ် ဓာတ်တွေကိုမြက်ခင်းစိမ်းစိမ်းကြီးနဲ့ တွဲပြီးမှတ်မိနေတတ်တယ်။

အစိမ်းရောင်ရဲ့ အဓိပ္ပါယ်ကိုဘယ်သူတွေ ဘယ်လိုဖွင့်ဆိုကြတယ်ဆိုတာ ကျွန်တော်မသိပါ ဘူး။ ကျွန်တော်ကတော့အစိမ်းရောင်ကိုမြင်တိုင်း ဘောလုံးကွင်းကြီးကိုသတိရ၊ကွင်းထဲမှာပြေးလွှား ကစားနေကြတဲ့ဘောလုံးသမားတွေရဲ့ စိတ်ဓာတ်နဲ့စွမ်းအင်တွေကို အားကျပြီးလောကဆိုတဲ့ကစား ကွင်းထဲမှာမျှော်လင့်ခြင်းအနိုင်ဂိုးတွေ သွင်းနိုင်ဖို့အချိတ်အဆက်မိမှုနဲ့ စည်းလုံးညီညွတ်မှုတို့ရဲ့ အရေးပါပုံတွေအကြောင်းကိုနက်နက်နဲနဲ စဉ်းစားနေမိတတ်တယ်။

ငယ်ငယ်ကအစိမ်းရောင် ဘောင်းဘီ၊ လုံချည်တွေကိုသိပ်မနှစ်သက်တတ်ခဲ့ပေမယ့် အခုအ ချိန်မှာတော့ဘောလုံးကွင်းစိမ်းစိမ်းကြီးတွေကကျွန်တော့်အတွက်လေ့လာသင်ယူစရာ နေတဲ့နေရာဒေသတစ်ခုဖြစ်နေခဲ့ပြန်တယ်လေ။ အဲ့ဒီလိုနဲ့အစိမ်းရောင်ကိုနှစ်သက်တတ်ခဲ့ရာက အိမ်ရှေ့ မြေကွက်လပ်လေးမှာ မြက်ခင်းစိမ်းစိမ်းလေးတွေစိုက်ပျိုးတဲ့ အလေ့အထကိုရခဲ့တယ်။

ကိုယ်လမ်းကိုယ်လျှောက်နေပေမယ့် လမ်းကိုကန့်လန့်ဖြတ်ပိတ်နေသူတွေနဲ့ ရင်ဆိုင်ရတာ တွေရှိလာတယ်။ ကောင်းကင်ကိုပိတ်ထားတဲ့ တိမ်တွေကအမြင့်ဆုံးပျံချင်တဲ့စိတ်တွေနဲ့ ပဋိပက္ခဖြစ် လာတယ်။

“ဘဝဆိုတာကြောက်ရွံ့ပြီး နောက်လှည့်ပြေးလို့ရတဲ့အရာ မဟုတ်ဘူးကွ၊ ရင်ဆိုင်စရာရှိရင် မျက်နှာချင်းဆိုင်ဖြေရှင်းလိုက်တာက အကောင်းဆုံးပဲ။ အမှန်တရားကိုတော့ မျက်ခြည်မပြတ်စေနဲ့ ပေါ့ကွာ”

ဘဂမှာလိုအပ်ရင် ရဲရင့်ပြရမယ်ဆိုတဲ့အသိကို ဖေဖေပြောခဲ့ဖူးတဲ့စကားတွေထဲက ရလိုက် တယ်။ ကြောက်နေလို့မပြီးတဲ့အခြေအနေတွေမှာ သတ္တိတွေကိုအလိုလို မွေးယူတတ်လာခဲ့တယ်။ တလူလူလွင့်နေတဲ့နိုင်ငံတော်အလံကိုငေးကြည့်ရင်း တစ်ချိန်ကဆရာတစ်ယောက်ပြောဖူးတဲ့စကား ကိုလည်း ပြန်ကြားမိရဲ့ ...

"အနီရောင်ဆိုတာ ရဲရင့်ခြင်းပဲကွ...။ မြန်မာတွေရဲ့ သတ္တိသွေး ဘယ်လောက်စွေးစွေးနီတယ် ဆိုတာကိုကမ္ဘာကသိအောင်ပြခဲ့ကြတဲ့ တော်လှန်ရေးသမားတွေကိုဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတော်အ လံကိုအနီရောင် အောက်ခံထားခဲ့ကြတာပေါ့ကွာ"

အနီရောင်က ကျွန်တော့်ကိုသတ္တိတွေပေးတယ်။ ကျွန်တော့်ရဲ အံဆွဲထဲမှာ လိုအပ်ရင်ဝတ် ဆင်ဖို့အတွက်အနီရောင်လက်ပတ်ကြိုးလေးတွေကို အမြဲတမ်းအဆင်သင့်ပြင်ထားခဲ့မိတယ်။

တီဗွီဖန်သားပြင်ပေါ်မှာယမ်းငွေ့တွေတဝေဝေနဲ့ပလူပျံနေတဲ့ စက်သေနတ်ကျည်ဆန်တွေအ ပြင်းထန်ဆုံးပေါက်ကွဲလောင်ကျွမ်းမှုတွေနဲ့ တလူလူလွင့်နေတဲ့မီးခိုးတိမ်တိုက်တွေ၊ အလျှံညီညီ တောက်နေတဲ့ဒေါသမီးလျှံတွေကြားထဲမှ မခန်းခြောက်နိုင်ကြရှာသေးတဲ့မျက်ရည်ပူစီးကြောင်းတွေ၊ သေဆုံးဝိညာဉ်တို့ရဲ နားမလည်ခြင်းမျက်ဝန်းတွေနဲ့ ကျန်ရစ်သူတစ်ချို့ တစ်ဝက်ရဲ့ ကြေကွဲဖွယ်ရှိုက် သံတွေ ...။ ကမ္ဘာမြေပဟာငြိမ်းချမ်းရေးကို နင့်နင့်သီးသီးကိုဆာလောင်နေတယ်။

သံလွင်ရှက်ကိုသွားရှာနေတဲ့ ငြိမ်းချမ်းရေးချိုးငှက်ရေ ...

အတောင်တွေညောင်းလို့များ တစ်နေရာရာမှာမင်း ခိုနားနေရော့သလား။ သံလွင်ခက်ကိုရှာ ရင်းမင်းကို မြားတစ်စင်းစင်းကများ ခွင်းသွားခဲ့ပြီလား ...။ ဒါမှမဟုတ်... ဒီကမ္ဘာမြေမှာခြေချစရာနေ ရာ

မင်းရှာမတွေ့လေလို့လား။

ကျွန်တော့်ရဲ့ စိတ်တွေ မှိုင်းညို့ ပြာဝေလာတယ်။ ဂြိုလ်ပြာကြီးလို့တစ်ခါက အခေါ်ခံခဲ့ရဖူးတဲ့ ကျွန်တော်တို့ရဲ့ ကမ္ဘာ အခုဘာအရောင်များပြောင်းသွားခဲ့ပြီလဲ ...။ စကြဝဠာထဲမှာရပ်စရာ တစ်နေရာပေးကြပါ။ ကျွန်တော်ကမ္ဘာကြီးကို ဆေးပြာတွေနဲ့သုတ်ချင်လို့ ...။ အခုဆိုအပြာရောင်ကို ကမ္ဘာ သူကမ္ဘာသားတွေအားလုံးအတွက် ကျွန်တော်တမ်းတတတ်နေခဲ့ပြီလေ။ တစ်နေ့တာလုံး မငြိမ်းချမ်းတဲ့မြင်ကွင်းတွေနဲ့ပေါင်းဖော်ကြီးပြင်းနေရတဲ့ ကျွန်တော် ငြိမ်းငြိမ်းချမ်းချမ်းနဲ့မွေ့ပျော်အိပ်စက်ချင်ခဲ့ တယ်လေ။ အဲဒါနဲ့ ... ကျွန်တော်ရဲ အိပ်ရာလေးဟာ အပြာရောင်အိပ်ရာခင်း၊ အပြာရောင်ခေါင်းအုံးစွပ်၊ အပြာရောင်ခြင်ထောင်တို့နဲ့ပြာလွင်သန့်စင်လာခဲ့တယ်။

အချစ်ဆိုတဲ့အရာက ကျွန်တော့်နှလုံးသားကိုပန်းနုရောင်တွေ သုတ်လိမ်းသွားတယ်။ အဲဒီ ပန်းနုရောင်ရဲ့ အစွမ်းက တကယ့်ကိုအံ့ဩလောက်စရာပါပဲ။ ကျွန်တော့်ရင်ထဲမှာရှိတဲ့အခြားအရောင်တွေအားလုံးကိုမှေးမှိန်သွားစေတယ်။ အဲဒီ့ နှလုံးသားရဲ့ တောင့်တမှုတွေက ကျွန်တော့်ဘဝကိုတစ် ဆစ်ချိုးပြောင်းလဲသွားစေခဲ့တယ်။ အချစ်ဆိုတဲ့ ပန်းနုရောင်နတ်သမီးဟာ ကျွန်တော်ရဲ့ ဘဝထဲကိုမ လိုလားအပ်တဲ့နောက်လိုက်နောက်ပါတွေပါ ခေါ်ဝင်လာခဲ့တာလေ။ စာရေးဆရာတစ်ယောက်ရေးဖူး တဲ့စာသားလေးတစ်ခုကိုမှတ်မှတ်ရရ ကျွန်တော် သတိရလိုက်မိသေးတယ်။

"ချစ်မိသူဆိုတာ လောကမှာစစ်အရှုံးဆုံးသူပါ မသိတာ၊ ချစ်မိပြီဆိုတာနဲ့အဲဒီ့ လူဟာ တယုတယနဲ့ကို သေမိန့်ကျသွားခဲ့ပါပြီ"

အဲဒီ့ ပန်းနုရောင်လေးကပေးတဲ့ ဝေဒနာတွေနဲ့နာကျင်နေခဲ့ရတဲ့ နေ့ရက်တွေထဲမှာတည်ငြိမ် ရင့်ကျက်မှုတစ်ခုကို ကျွန်တော်ရှာဖွေတွေ့ရှိခဲ့တယ်။

"ဝမ်းနည်းခြင်းအထိမ်းအမှတ်တော့ မဟုတ်ပါဘူး။ ပန်းနုရောင်လေးရယ် ...၊ ဒါပေမဲ့ ငါ ... ဘယ်လိုအစွန်းအထင်းမျိုးကိုမှ မမူတဲ့ အနက်ရောင်အကျႌတွေကို စွဲစွဲမြဲမြဲဝတ်ဆင်တတ်ခဲ့ပြီလေ"

လောကဓံက ဓားရှစ်စင်းနဲ့စစ်ရေးပြနေတတ်တဲ့အခါ၊ မှော်ရုံရဲ ပဥ္စလက်လှည့်ကွက်တွေက ကျွန်တော့်ကိုအရိုင်းဆန်ဆန်ဝင်တိုးကြတဲ့အခါ၊ ညစ်မှောင်ပေလူးနေတဲ့လက်ကြီးလက်ငယ်အသွယ်သွယ်နဲ့လောကက ကျွန်တော့်ကိုပွေ့ဖက်နှုတ်ဆက်တတ်တဲ့အခါ...ကျွန်တော်ကတော့အနက်ရောင် အကျႌကိုဝတ်ဆင်ထားပြီး အနက်ရောင်စိတ်သန္ဓေတစ်ခုနဲ့တည်တည်ငြိမ်ငြိမ်နေတတ်ခဲ့ပါပြီ။ အမှောင်တွေကိုဝတ်ဆင်ထားကြသူတွေနဲ့တော့ ကျွန်တော်အတူတူရောယောင်မနေချင်ပါဘူး။ ကျွန်တော်ကခန့်ညားတည်ငြိမ်တဲ့၊ ပေစွန်းမှုတွေကိုအတော်အတန်ခံနိုင်ရည်ရှိတဲ့ အနက်ရောင်ကိုကြိုက်တာလေ။

ကျွန်တော့်ရဲ ပတ်ဝန်းကျင်သေးသေးလေးတစ်ခုထဲမှာကျွန်တော်နှစ်သက်ခဲ့တဲ့အရောင်တွေ အားလုံးကိုတွေ့နိုင်ပါတယ်။ ခရမ်းနုရောင်လိမ်းသုတ်ထားတဲ့ ကျွန်တော့်အခန်းလေးရဲ့ လေးဖက် လေးတန်နံရံတွေ၊ ပြာလွင်သန့်စင်နေတဲ့ကျွန်တော့်ရဲ့ အိပ်ရာ၊ စားပွဲပေါ်ကပန်းအိုးလေးထဲမှာအဝါ ရောင်နှင်းဆီပန်းကလေး၊ အံဆွဲထဲမှာကလိုအပ်ရင်ဝတ်ဖို့ အဆင်သင့်ပြင်ထားတဲ့အနီရောင်လက် ပတ်ကြိုးလေးတွေ၊ အိမ်ရှေ့မှာက ကျွန်တော်စိုက်ပျိုးထားတဲ့မြက်ခင်းစိမ်းစိမ်း၊ နံရံမှာယှဉ်တွဲချိတ်ဆွဲ ထားတဲ့အဖြူရောင်အကျႌတစ်ထည်နဲ့အနက်ရောင်အကျႌတစ်ထည်၊ နောက်... ဘယ်သူမှမမြင်နိုင် တဲ့နေရာမှာသိမ်းဂှက်ထားတဲ့ကျွန်တော့်ရဲ ပန်းနုရောင်နှလုံးသားတစ်ခု...။ ဒါတွေအားလုံးဟာလူ ငယ်တစ်ယောက်ရဲ ဘဝကိုအပီပြင်ဆုံးအဓိပ္ပာယ်ဖွင့်ဆိုပေးနေတဲ့ အရောင်တွေပဲပေါ့။

ကျွန်တော်ငယ်ငယ်တုန်းကကြိုက်ခဲ့ဖူးတဲ့
အဖြူရောင်နဲ့အခုကျွန်တော်စွဲစွဲမြဲမြဲနှစ်သက်သုံးစွဲ နေမိတဲ့အနက်ရောင်၊ ဘာကြောင့်ဆန့်ကျင်ဘက်ဖြစ်နေရတာ လဲဆိုတာကိုတော့ ကျွန်တော်အခုအချိန်အထိစဉ်းစားနေဆဲပါ။ ဒါပေမဲ့ … အဖြူရောင်အင်္ကျီလေးတွေကိုတွေ့တိုင်း ဝတ်ဆင်ဖို့မတွေးမိ တော့ပေမယ့်ကျွန်တော်ငယ်ယူသိမ်းဆည်းမိနေတုန်းလေ။ တစ်နေ့နေ့… စွန်းထင်းစေမယ့်အရာ တွေအားလုံးရဲ့ အဝေးကို ကျွန်တော်သွားနိုင်မယ့် တစ်နေ့နေ့ပေါ့… ကျွန်တော်အဖြူရောင်အင်္ကျီ လေးတွေကိုပြန်ဝတ်ဖြစ်ဦးမှာပါ။

**ပိတောက်မြေမဂ္ဂဇင်း**

**အမှတ်(၃၀)၊ အောက်တိုဘာလ၊ ၂၀၀၅ခုနှစ်**

*

## ကျွန်တော်နှင့်ဖြတ်သွားဖြတ်လာများ

ကျွန်တော်မြို့ ထဲလမ်းမကြီးတစ်ခုရဲ့ ဘေးက ပလက်ဖောင်းပေါ်မှာလမ်းလျှောက်နေတယ်။ ကျွန်တော်ဘယ်ကိုသွားနေတာလဲ။ ကျွန်တော်မသိဘူး။လမ်းတစ်ခုပေါ်တက်ပြီး လျှောက်နေမှတော့ တစ်နေရာရာကိုတော့ တစ်ချိန်ချိန်ရောက်သွားမှပဲလို့ ထင်ရတယ်။

ပန်းတိုင်က အရေးကြီးသလား…၊ လမ်းက အရေးကြီးသလား…၊ ပန်းတိုင်ကိုသိနေပြီး ရည် ရွယ်ထားဖို့အရေးကြီးသလား…၊ လမ်းပေါ်ကသွေဖယ်မသွားပဲ လျှောက်မြဲလျှောက်နေဘို့က အရေးကြီးသလား…၊ နှစ်ခုစလုံး အရေးကြီးသလား…၊ တစ်ခုမှ အရေးမကြီးဘူးလား…။

သိသလိုလို မသိသလိုလိုဖြစ်နေတာနဲ့ မသိဘူးလို့ပဲထားလိုက်တယ်။

သေချာတာကတော့ လျှောက်သင့်တယ်လို့ ကျွန်တော်ယုံကြည်နေတဲ့ လမ်းတစ်ခုရှိတယ်။ အဲဒီ လမ်းပေါ်ကျွန်တော် အခုလျှောက်နေတယ်။ ကျွန်တော်ကြိုတင်မသိထားတဲ့ ကြိုပြီးမရည်ရွယ် ထားတဲ့ပန်းတိုင်တစ်ခုခုဆီ တစ်ချိန်ချိန်မှာကျွန်တော် ရောက်သွားလိမ့်မယ်။ ရောက်ချင်မှလည်း ရောက်လိမ့်မယ်။ အဲဒီ ပန်းတိုင်ကိုရောက်ခြင်း မရောက်ခြင်းကကျွန်တော့်အတွက် အဓိကမကျဘူး။ ကျွန်တော့်ရဲ့စိတ်ဝင်စားမှုက လမ်းပေါ်လျှောက်နေရခြင်းမှာပဲအာရုံကျနေတယ်။ဒီကိစ္စကို ဒီလောက် နဲ့ပဲရပ်ထားလိုက်တာ ကောင်းလိမ့်မယ်

ကျွီ … ဝုန်း

ကားတစ်စီးက ကားတစ်စီးကိုဝင်တိုက်လိုက်သံပါ။ ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာကိုတော့ သူတို့တွေဆက်လက်ငြင်းခုန်ကြလိမ့်မယ်။ ကားနှစ်စီးစလုံးရဲ့ ကာလပေါက်ဈေးကိုကျွန် တော်စိတ်မှန်းနဲ့တွက်ချက်ကြည့်လိုက်တယ်၊ မနည်းဘူး။ ကျွန်တော့်အတွက်

"မနည်းဘူး" ကသူတို့ အတွက် "မများပါဘူး" ဖြစ်ကောင်းဖြစ်နိုင်တယ်။ ကိုယ့်ကားကို ကိုယ်တိုင်မောင်းလာတဲ့ကားပိုင်ရှင် ဖြစ်ပုံရသူကတည်ငြိမ်အေးဆေးနေသလောက် သူဌေးရဲ့ ကားကိုမောင်းလာရတဲ့ ဒရိုင်ဘာဖြစ်ရပုံသူကတော့မျက်စိမျက်နှာပျက်နေတယ်။

တစ်ယောက်က ကားနောက်ထပ်တစ်စီးပြန်ဝယ်ဖို့ စဉ်းစားနေစဉ်မှာတစ်ယောက်က အလုပ်ထုတ်ခံရမယ့်အရေးကိုကြိုတွေးပြီး စိတ်ညစ်နေပုံပဲ။ ကျွန်တော်ကရော… တိုက်မိလို့ ပျက်စီးယိုယွင်း သွားတဲ့ကားနှစ်စီးထဲမှာ ကျွန်တော်ပိုင်တဲ့ကားတစ်စီးမှမပါလို့ အေးဆေးပါပဲ။ အခြားသူတွေကတော့ အဝေးကလှမ်းငေးတဲ့သူက ငေး၊ ဘယ်သူမှားတယ် ဘယ်ဝါမှားတယ်ဆိုပြီး ထင်မြင်ချက်ပေးသူက ပေး၊ သူများကားကို သူတို့ကားအမှတ်နဲ့စုတ်တသပ်သပ် လုပ်သူကလုပ်နဲ့ကားနှစ်စီးရဲ့ အနားမှာ လူတွေတဖြည်းဖြည်းနဲ့များများလာတယ်။

သိပ်မကြာဘူး… ယာဉ်ထိန်းရဲဆိုသူရောက်လာပြီး လူတွေကိုအရင်လိုက်ထိန်းနေရတယ်။ ယာဉ်တွေကိုသူက ထိန်းတယ်ဆိုတော့သူ့ကိုရော ဘယ်သူကထိန်းမှာလဲ။ ထိန်းမယ့်သူတိတိကျကျ မရှိတဲ့သူကကိုယ့်ကိုယ်ကိုယ် ထိန်းဖို့လိုလိမ့်မယ်။ ဒါမှမဟုတ်အထိန်းအကွပ်မဲ့နေတဲ့ အနေအထား မျိုးမရှိတာကပိုကောင်းလိမ့်မယ်။

ကျွန်တော့်လမ်းကို ကျွန်တော်ဆက်လျှောက်နေရင်းတိုက်မိတဲ့ ကားနှစ်စီးရော၊ လူတွေရော၊ ယာဉ်ထိန်းရဲဆိုသူရော သူတို့တွေအားလုံးနဲ့ရှုပ်ထွေးနေတဲ့ အမှုကိစ္စကြီးရောနောက်မှကျန်ခဲ့တယ်။ နောက်မှကျန်ခဲ့တယ်။ နောက်မှာကျန်ခဲ့တယ်ဆိုတာက နေရာဒေသအရအနောက်မှာကျန်ခဲ့တယ် လည်းဖြစ်သလိုအချိန်ကာလအရ အနောက်မှာကျန်ခဲ့တာလို့လည်း ဆိုလိုတယ်။

"ခစ် ခစ် ခစ်"

မပွင့်တပွင့်နဲ့ရယ်လိုက်တဲ့အသံတစ်ခုကို ကြားလိုက်ရလို့ကျွန်တော် ဘေးဘက်ကိုလှည့် ကြည့်လိုက်မိတယ်။ ပန်းခြံတစ်ခုပဲ။ ပန်းခြံထဲမှာ ပန်းတွေနဲ့အတူ ပန်းတွေပွင့်နေကြတယ်။ ကောင် လေးပြောတဲ့စကားကို ကောင်မလေးကသဘောတွေကျပြီး ရယ်နေတယ်။ သူတို့စုံတွဲကမမြင်ကွယ် ရာမှာထိုင်နေတာမဟုတ်တဲ့အတွက် သူတို့နှစ်ယောက်ကိုကျွန်တော် သေသေချာချာကိုမြင်နေရ တယ်။

အခြားသောစုံတွဲအချို့ ကိုကျတော့ ထီးလေးတွေပဲမြင်ရတယ်။ ထီးကမိုးဒဏ်၊နေဒဏ်အပြင် အကြည့်တွေရဲ့ ဒဏ်ကိုလည်းကာကွယ်လို့ရမှန်း အခုမှကျွန်တော်သဘောပေါက်တော့တယ်။ အချို့ စုံတွဲတွေကျတော့ စကားတွေပြောမနေကြဘဲ တစ်ယောက်ကိုတစ်ယောက်ပွေ့ဖက်ထားကြတယ်။ တစ်ယောက်အနားမှာ တစ်ယောက်ရှိနေတယ်ဆိုတာကို အထိအတွေ့တွေအရသိနေရရုံနဲ့ သူတို့ဘ ဂကပြည့်စုံနေပုံပဲ။ အဲဒီ ပြည့်စုံမှုလေးကိုပဲတိတ်တိတ်လေး ခံစားနေကြတယ်။

တချို့ စုံတွဲတွေကိုကျတော့ ထီးလေးတွေကွယ်နေလို့မမြင်ရဘူး။ မမြင်စေချင်လို့ကွယ်ထား တဲ့ကိစ္စကိုကျွန်တော်ကလည်း ထွေထွေထူးထူးမြင်ချင်မနေပါဘူး။ ဒါပေမဲ့တချို့ ကကျတော့မမြင်စေ ချင်တာကိုမှအာသီသာပြင်းပြင်းပြပြနဲ့ မြင်ချင်နေတတ်ကြတယ်။ တချို့ သောလျှို ဂှက်သင့်တဲ့အရာတွေကလျှို့ ဂှက်ချက်အနေနဲ့ပဲရှိနေသင့်တယ်။ ပွင့်လင်းမြင်သာမှုကို ကျွန်တော်ကြိုဆိုပါတယ်။ဒါပေ မဲ့နေရာတကာပွင့်ပွင့်လင်းလင်းကြီး ဖြစ်နေတာမျိုးကိုတော့ ကျွန်တော်ငြင်းတယ်။ ပွင့်လင်းမြင်သာမှုအတွက် အများသုံးအိမ်သာတွေကိုတော့ မှန်ကာပြီးမဆောက်လောက်ဘူးထင်ပါတယ်။

လူမြင်မခံချင်တဲ့အတွဲတွေကို အတင်းလိုက်ကြည့်မနေဘဲ လူမြင်သူမြင်ထိုင်နေကြတဲ့စုံတွဲ လေးတွေရဲ့ ကြည်နူးပျော်ရွှင်မှုကို

ဝေမျှခံစားနေမိတယ်။ ပန်းခြံထဲမှာစုံတွဲတွေ များစွာရှိကြတယ်။အဲ ဒီအတွဲတွေထဲမှာ ကျွန်တော့်ကောင်မလေးမပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာကောင်မလေးမရှိဘူး။ အဲဒီ တော့ကျွန်တော် ပန်းခြံထဲကစုံတွဲတွေကိုလှမ်းကြည့်ပြီး ဘယ်လိုပူပင်သောကမျိုး ကိုမှခံစားမနေရဘူး။ ကိုယ့်ကောင်မလေးဝတ်ဖူးတဲ့ အကျႌအဆင်မျိုးကို ပန်းခြံထဲကကိုယ်မဟုတ်တဲ့ အခြားယောကျ်ားတစ်ယောက်နဲ့အတူရှိနေတဲ့ ကောင်မလေးတစ်ယောက်ယောက်ရဲ ခနာကိုယ်ပေါ် မှာတွေ့လိုက်ရတဲ့ဒုက္ခမျိုးလည်း ကျွန်တော့်ဆီရောက်လာစရာ အကြောင်းမရှိတော့ဘူး။

အဲဒီ လိုနဲ့ကျွန်တော် ပန်းခြံတစ်ခုရယ်၊ သစ်ပင်ပန်းပင်တွေရယ်နဲ့ခံစားချက်အမျိုးမျိုး၊ရည်ရွယ်ချက်အမျိုးမျိုးနဲ့ပန်းခြံထဲ ရောက်နေကြသူတွေများစွာကို ထပ်မံကျော်ဖြတ်ခဲ့ပြန်တယ်။

“ရန်ကုန် ဆူးလေ မော်တင်... အခုထွက်မယ်။ တော်ကြာထွက်မယ်၊ ထွက်ချင်မှ ထွက်မယ်”

ကားမှတ်တိုင်တစ်ခုဟာ ကားမှတ်တိုင်ပီပီပဲ ရှုပ်ပွစည်ကားလို့။ ခုဂဏန်း၊ ဆယ်ဂဏန်း၊ ရာဂဏန်း... ကားလိုင်းနံပါတ်တွေက အများကြီးပဲ။ အချို့ ဆိုနံပါတ်တူ အရောင်ကွဲတွေတောင်ပါသေးတယ်။ ဟိုင်းလတ်၊ ဒေဂျူး၊ မီနီဘတ်စ်၊ ဒိုင်နာ၊ ဗိုက်ပူစတဲ့ အမျိုးအစားမတူသောကားအစီးစီးတို့က လည်းထိုးဆိုက်လိုက်၊ ရပ်စောင့်လိုက်၊ မောင်းထွက်လိုက်နဲ့များများပြားပြား၊ဝေဝေဆာဆာ။ဆူးလေလား၊ မော်တင်လား၊ အပေါ်လမ်းလား၊ အောက်လမ်းလား၊ အလုံအထိလား၊ ဘားလမ်းတင်လား... ခရီးစဉ်တွေကလည်း ပေါမှပေါ၊ များမှများပဲ။

ဘယ်ကတက်တာလဲ၊ ဘယ်မှာဆင်းမှာလဲ၊ ကားခပေးပြီးပြီလား၊ ပြန်အမ်းဖို့လိုသေးလား၊ အကြွေမပါဘူးလား။ ဒါကကားပေါ်ကခရီးသည်တွေအတွက် မေးခွန်းတွေ၊ တစ်ထောင်တန်ပြန်မအမ်းသေးဘူးလား၊ ဒီလောက်ကျပ်နေတာ ဘယ်လိုတိုးမလဲ၊

နင့်မှာမျက်စိမပါဘူးလား။ ဒါကစပယ် ယာတွေအတွက် မေးခွန်းတွေ။ ဘယ်ကိုသွားမှာလဲ၊ ဘာနံပါတ်စီးမှာလဲ။ အချိန်ဘယ်လောက်ရသ လဲ၊ ကားခဘယ်လောက်ရှိသလဲ၊ ဘာကိုစောင့်နေတာလဲ။ဒါက ကားမှတ်တိုင်ကစောင့်သူများအ တွက်မေးခွန်းတွေ။ ကားမှတ်တိုင်တစ်ခုတည်းကရှုပ်ယှက်ခပ်နေတဲ့သူတွေ အဲဒီ မေးခွန်းတွေများစွာထဲမှာလှုပ်လေ မြုပ်လေ။

အများစုကတော့ကားမှတ်တိုင်မှာ ကားစောင့်ကြတယ်။ အချို့ ကတော့ကားမှတ်တိုင်မှာ လူလာစောင့်ကြတယ်၊ အချို့ ကသူငယ်ချင်းကိုစောင့်တယ်၊ အချို့ ကရည်းစားကိုစောင့်တယ်၊ အချို့ က ချိန်းထားတဲ့သူကိုစောင့်တယ်၊ အချို့ တွေထဲက အချို့ ကဘယ်သူမှန်းမသိတဲ့တစ်ယောက်ယောက် ကိုမျက်စလေးတွေပစ်ပစ်ပြီး စောင့်တယ်၊ အချို့ ကရပ်စောင့်တယ်၊ အချို့ ကအသုပ်စားပြီးစောင့်တယ်၊ အချို့ ကနာရီတကြည့်ကြည့်နဲ့ စောင့်တယ်၊ အချို့ ကဗိုက်လေးတပွတ်ပွတ်နဲ့ စောင့်တယ်။

ကားမှတ်တိုင်မှာကျွန်တော်သွားမယ့် ခရီးစဉ်မပါဘူး။ ကျွန်တော့်ကိုလိုက်ပို့ပေးမယ့် ကား လိုင်းနံပါတ်လည်း မရှိဘူး။ ကျွန်တော်ရပ်စောင့်ရမယ့်သူကိုလည်း ကျွန်တော်မသိဘူး။ အဲဒါကြောင့် ကျွန်တော်ကတော့ဘယ်သူ့ကိုမှ ဘယ်လိုပုံစံမျိုးနဲ့မှစောင့်မနေတော့ဘဲ ကိုယ့်လမ်းကိုယ်ဆက် လျှောက်ခဲ့တယ်။ ကျွန်တော့်ကိုလိုက်ပို့မယ့်ကားအဖြစ် ကျွန်တော့်ရဲ့ ခြေထောက်တွေကိုပဲ စိတ်ချ ထားလိုက်တော့မယ်။

"ဒီကားက အရမ်းကောင်းတာပဲ၊ အကယ်ဒမီသုံးခုတောင် ရထားတာ"

ဒါရုပ်ရှင်ရုံပဲလို့သိလိုက်တဲ့စိတ်က ကျွန်တော့်ရဲ့ မျက်လုံးတွေကိုရုပ်ရှင်ကားကြော်ငြာဘုတ်ဆီကို ပို့လိုက်တယ်။ ကြယ်တစ်ပွင့်ဆီကိုင်မြှောက်ထားကြတဲ့ နတ်သမီးသုံးပါးက ရုပ်ရှင်ကြော်ငြာ

ဆိုင်းဘုတ်ကြီးရဲ့တစ်ထောင့်တစ်နေရာမှာ နေရာယူထားကြတယ်။ ရုပ်ရှင်ရုံကြီးရဲ လက်မှတ်အရောင်းကောင်တာတွေမှာ လက်မှတ်ဝယ်ဖို့အတွက် လူတွေတန်းစီစောင့်ဆိုင်းနေကြတယ်။ ကြိုတင်လက်မှတ်ဝယ်ထားကြသူတွေကတော့ အေးရာအေးကြောင်းနဲ့ လက်မှတ်လေးလဲပြီး ရုံထဲကိုတန်း ဝင်သွားကြတယ်။ တန်းစီရမှာစိတ်မရှည်ကြသူတွေက လက်မှတ်တွေကိုနှစ်ဆဈေးနဲ့ပေးဝယ်ပြီး သက်သောင့်သက်သာဖြစ်မှုကို ငွေနဲ့အလဲအလှယ်လုပ်ကြတယ်။

မင်းသားကိုကြိုက်လွန်းလို့တဲ့ မုန့်ဖိုးတွေစုပြီးလာကြည့်တဲ့ကောင်မလေးတွေရှိတယ်။ လက်မှတ်ဖိုးမရှိလို့တဲ့ကြော်ငြာဆိုင်းဘုတ်ကြီးကိုပဲ လမ်းဘေးကနေငေးကြည့်နေရသူတွေရှိတယ်။ ရုပ်ရှင် ရုံဘေးမှာရေခဲရေရောင်းနေရတဲ့ ကောင်လေးကနတ်သမီးရုပ်လေးတွေများပေမယ့် သူရောင်းရတဲ့ ရေခဲရေခွက်အရေအတွက်နည်းလို့ စိတ်ညစ်နေပုံပဲ။ မှောင်ခိုလက်မှတ်ရောင်းတဲ့ ကောင်မလေးတစ်ယောက်လက်မှတ်တွေ မကုန်လို့ ငိုမဲ့မဲ့ဖြစ်နေတယ်။ အသက်ငယ်ငယ်စုံတွဲတစ်တွဲက ဘာကားပြမှန်း သေချာမကြည့်ဘဲနှစ်ယောက်တွဲခုံကို ဈေးနှစ်ဆပေးပြီးခပ်သွက်သွက်ပဲ ဝယ်လိုက်တယ်။

ဟီးနေအောင်ချိတ်ဆွဲထားတဲ့ ရုပ်ရှင်ကြော်ငြာဆိုင်းဘုတ်ကြီးထဲကမင်းသား၊ မင်းသမီးတွေ ကရုပ်ရှင်ရုံအောက်ကမြင်ကွင်းတွေကို တစ်ချက်ကလေးမှငုံ့မကြည့်ဘဲ ဟန်ရေးပြနေကြတယ်။ ရုပ်ရှင်ရုံကြီးရဲ့ အပြင်ဘက်ကအဖြစ်အပျက်တွေကို ရုပ်ရှင်တစ်ပုဒ်လို လိုက်ရိုက်၊ ပြီးတာနဲ့ရုပ်ရှင်မင်းသား၊ မင်းသမီးတွေကိုရုပ်ရှင်ရုံကြီးထဲ ဖိတ်ကြားပြီးသာအဲဒီ ရုပ်ရှင်ကားကြီးကို ပြလိုက်မယ်ဆိုရင် ဘယ်လိုနေမလဲ။ မင်းသားရဲ့ လက်ထဲကအကယ်ဒမီရုပ်

ရေခဲရေရောင်းတဲ့ကောင်လေးဆီရောက် လာနိုင်တယ်။ ရုပ်ရှင်ဒါရိုက်တာကြီးရဲ့ အကယ်ဒမီရုပ်တွေ၊ အကောင်အထည်မမြင်ရတဲ့ ကံဇာတ်ဆ ရာကြီးဆီစုပုံရောက်သွားလိမ့်မယ်။ ရုပ်ရှင်ကားစမပြသေးမီမှာပဲ လမ်းပေါ်ကအကယ်ဒမီရှော့တွေ ကတန်းစီပြီးတဖျပ်ဖျပ်လက်လို့။ ရုပ်ရှင်ရုံအကြီးကြီးထဲက ရုပ်ရှင်ရုံသေးသေးလေးတစ်ခုကိုချန်ထား ရစ်ခဲ့ပြီးကျွန်တော် လမ်းဆက်လျှောက်လာခဲ့တယ်။

"ဒုတ် ဒုတ် ဒုတ် ဖရော၊ ရွှီး ရှဲ"

အနံ့အသက်တွေကနှာခေါင်းထဲ အရင်ဝင်လာတယ်။ ပြီးတော့မှအဲဒီ အသံတွေက နားထဲ ရောက်ချလာတယ်။ ဘာနံ့တွေလဲ ဘာသံတွေလဲ။ စုံစီနဖာရောနှောနေတဲ့အတွက် ဘာနံ့ပဲ၊ ဘာသံ ပဲလို့ပြောဖို့ခက်တယ်။ သေချာတာပြောရရင်တော့ အနံ့တွေကချိုအီမွှေးမြတယ်။အသံတွေကတော့ ဆူလှုံပွက်ထနေတယ်။ ပွဲဈေးတန်းတစ်ခုကို ကျွန်တော်ဖြတ်သန်းနေမိပြန်ပြီ။

အနံ့အသက်တွေရဲ့နောက်က အရသာတွေကိုစောင့်မျှော်ငံ့လင့်နေကြတဲ့ လျှာပေါင်းများစွာ ကပါးစပ်တွေထဲမှာ ဣန္ဒြေမရဖြစ်နေကြတယ်။ စားချင်တာကိုမှာလိုက်၊ လိုချင်တာကိုပြောလိုက်၊ ဝယ်ချင်တာကိုရွေးလိုက်။ ဒါပေမဲ့တန်ရာတန်ကြေးကိုတော့ လောက်ငအောင်ပိုက်လာခဲ့။ ရှော့ပတ္တမြား ရှော့နဂါး။ အစိမ်းယူမလား အကျက်ယူမလား။ ဆိုင်သောက်လား ပါဆယ်လား၊ ရောင်းမှာလား ဝယ်မှာလား။ ပွဲဈေးတန်းဟာ အပေးအယူကိစ္စတွေနဲ့ဗျာများလို့၊ ကျွန်တော့်မှာရောင်းစရာလဲ ဘာမှ မပါဘူး၊ ဝယ်စရာလဲ ဘာမှမလိုဘူး။ ပေးစရာလည်းဘာမှမရှိဘူး။ ဘာမှလည်း ယူမသွားချင်ဘူး။

ကျွန်တော်ကပွဲဈေးတန်းကို ဖြတ်လျှောက်တယ်။ ပွဲဈေးတန်းကကျွန်တော့်ကိုတိုးလျှိုးပေါက် ကြိုဆိုတယ်။ ဒါပေမဲ့ကျွန်တော်ကသတ်သတ်၊ ပွဲဈေးတန်းကသတ်သတ်။ ကိုယ့်ခရီး ကိုယ်ဆက်ကြ

တယ်။ ကိုယ့်အဓိပ္ပာယ် ကိုယ်သတ်မှတ်ကြတယ်။ အချို့ တွေပွဲဈေးတန်းထဲမှာ သွားရည်တွေတမြား မြားကျလို့။ တံတွေးတွေ တဂွပ်ဂွပ်မျိုလို့။ လျှာတွေတပျပ်ပျပ်သပ်လို့။ အနံ့အသက်တွေရောပါနေတဲ့ လေကိုရှူရုံပဲရှူလိုက်တယ်။ ဒါတောင်မရှူရင် မဖြစ်လို့။ အသံဗလံတွေရောပါနေတဲ့ လှိုင်းတွေကို ကြားရုံပဲကြားလိုက်တယ်။ ဒါတောင် နားပိတ်ထားဖို့ ခက်လို့။

အလိုအလျောက်ဖြစ်တည်လာပုံပေါ်တဲ့ အားတစ်ခုကအသည်းအသန်ကိုထိုးစိုက်မွှေနှောက် နေတဲ့လှှာက်ရည်တစ်ခွက်လိုပဲ။ အရောရောအနှောနှော ဖြစ်သွားနိုင်တဲ့ဝန်းကျင်မှာတသီးတခြားဖြစ် နေနိုင်ဖို့အားကောင်းကွဲပြားတဲ့ သိပ်သည်းဆတစ်ခုလိုအပ်တယ်။

ပွဲဈေးတန်းကိုဖြတ်သန်းလွန်မြောက်ခဲ့ပြီးချိန်မှာ လမ်းပေါ်ကမသွေမဖယ်သွားဘဲ ဆက်လျှောက်နေနိုင်ဆဲဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုပို တိုးလာတယ်။

“အဟင့် အဟင့် ဟီး ဟီး ဟီး”

ရှိုက်သံငိုသံ အော်ဟစ်ညည်းတွားသံ။ တိတ်ဆိတ်ငြိမ်သက်သောစကားမဲ့ခြင်းနဲ့ဆူညံပေါက် ကွဲသောသံစုံညည်းချင်းများ။ ပြန့်စင်းအေးစက်နေတဲ့ အသက်မဲ့ခြင်းနဲ့ဆူဝေပူပြင်းနေတဲ့ ရင်တွင်းမီး တောက်တွေ။ ရောင်စုံပန်းပွင့်များနဲ့အရောင်အဆင်းမဲ့ မျက်ရည်စီးကြောင်းများ။ ပန်းမျိုးစုံတို့ရဲ့ ထုံ သင်းချိုအီသောရနံ့။ ပြီးတော့ဆွေးမြည့်ပျက်စီးစ အသားစိုင်တို့ရဲ့ ရိရွဲပုပ်အဲ့သောအနံ့အသက်။ ဖမ်း နည်းခြင်းအနက်ရောင်၊ လောင်ကျွမ်းခြင်းအနီရောင်၊ အဆုံးမဲ့ကျယ်ပြောခြင်း အပြာ၊ လေလိုလွင့်ပါး ခြင်းအဖြူ။ ကိုယ်စီကိုယ်စီပိုင်ဆိုင်ထားကြသော တစ်ကိုယ်စာနေရာလေးတွေများစွာ။ကျောက်သား ပေါ်ရေးထိုးထားသောနာမည်များနဲ့ ရှေ့ ဆက်မတိုးတော့သောအသက်တွေ။ သင်္ချိုင်းဟာဆန့်ကျင် ဘက်ရသများစွာကိုစုံစုံညီညီ

ဖြန့်ခင်းဖြာချရင်းကဗျာဆန်ဆန်နဲ့ လှလို့။

ငှက်တွေတောင်ကောင်းကင်ပေါ်မှာ သေခွင့်ရကြလို့လား။ ကမ္ဘာမြေကြီးကရော ဘယ်လိုလူ သားမျိုးအတွက်သူ့ရဲ့ ဆွဲငင်အားကို ရပ်တံ့ဂုဏ်ပြုပေးမှာတဲ့လဲ။ မြေသားဆန်ဆန်ကြီးပြင်းခဲ့သူတွေ ကတော့မြေသားနဲ့ပြန်လည်ရင်းနှီးခွင့်တစ်ခုအတွက် ချောက်ချားတုန်လှုပ်နေမယ် မထင်ဘူး။ မရှိ တော့သူများရဲ့ စာရင်းဇယားထဲမှာ ကိုယ့်အမျိုးအဆွေတွေလုံးဝမပါတဲ့လူ ရှိသလား။ အခုသူတို့ငိုနေ ကြတယ်၊ မနက်ဖြန်သူတို့ ရယ်ချင်ရယ်ကြလိမ့်မယ်။ အခုရယ်မောပျော်ရွှင်နေကြတဲ့ အခြားတစ်ပါး ကသူတွေမနက်ဖြန် ငိုနေကြရမှာမျိုးလည်း ဖြစ်နိုင်တယ်။

အခုအချိန်အထိသေချာနေသေးတာတစ်ခုက ကျွန်တော်ရှင်သန်လှုပ်ရှားနေနိုင်တုန်းဆိုတာ ပဲ။ အဲဒီ သေချာမှုက ကပ်လျက်ရှိသောအနီးဆုံးကလာလေးအတွက်တော့ မသေချာပြန်ဘူးပေါ့။ သ ံချိုင်းကြီးကိုမရှိတော့ ခြင်းအကြီးကြီးတွေအတွက်ထားခဲ့လိုက်တယ်။ ကျွန်တော်ကတော့ ကိုယ့်သံချိုင်းလေးကိုယ်ပိုက်ပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက်ရဦးမယ်။

ကျွန်တော်အခုထိတော့ယုံကြည်ရာလမ်းပေါ်မှာ လမ်းဆက်လျှောက်နေတုန်းပဲ။ ဖြတ်သွား ဖြတ်လာမြင်ကွင်းတွေကိုနှလုံးသားနဲ့ အခန့်သင့်တဲ့အခါရင်ခုန်ခံစားတယ်။ ဦးနှောက်နဲ့အခန့်မသင့် တဲ့အခါခံယူစဉ်းစားတယ်။ ကြည်နူးပျော်ရွှင်စရာတွေနဲ့တွေ့တဲ့အခါ ရယ်မောပြုံးပျော်ပါတယ်။ အမြင် မတော်တာလေးတွေ တွေ့တော့လည်းလက်တို့ပြီး သတိပေးဖြစ်တယ်။ ထပ်ပေါင်းထည့်ရမယ့်အသိ ဉာဏ်ပညာကိုလည်းလမ်းကနေ သင်ယူရင်းဖြည့်ဆည်းမွမ်းမံခဲ့တယ်။ အချိန်တိုင်းထုံမွှမ်းလွှမ်းခြုံ ထားတဲ့မေတ္တာတရားဝတ်ရုံကလည်း ကျွန်တော့်နှလုံးသားကိုလုံခြုံနွေးထွေးစေတဲ့ နူးညံ့သောခံတပ် တစ်ခုဖြစ်ခဲ့တယ်။

ကျွန်တော် ဘယ်ကိုရောက်မှာလဲ၊

ကျွန်တော်ရွေးချယ်ခဲ့တဲ့ လမ်းပဲ။

သူဦးတည်ရာပန်းတိုင်ကို ဘယ်ဆီဘယ်ဝယ်မှန်းမသိသေးပေမယ့်လည်း ကျွန်တော်အပြည့် အဝကိုယုံကြည်ပါတယ်။

*